CODE OF CONDUCT

OVS သည် ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းခွင်များတွင် စီးပွားရေးတိုးတက်လာစေရန်၊ လုပ်ငန်းခွင် အခြေအနေများ
တိုးတက်ကောင်းမွန်လာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသတွင်းလူ့အဖွဲ့အစည်းများ ပေါ်သို့
ကောင်းမွန်သည့်အကျိုးကျေးဇူးများရရှိစေရန်၊ လုပ်ငန်းအတွက် ထိရောက်မှုရှိသည့် အထောက်အပံ့များပံ့ပိုးပေးရန်
ဟူသည့် အတူတကွမျှဝေဆောင်ရွက်မည့် ရည်ရွယ်ချက်များကို အခြေတည်ထားသည့်
ကုန်ပစ္စည်းပေးသွင်းမှုဆိုင်ရာဆက်ဆံရေးတစ်ရပ်ကို တည်ဆောက်ရန် ရည်ရွယ်ထားသည်။
ဤလုပ်ငန်းဆိုင်ရာသတ်မှတ်ချက်သည် ကုန်ပစ္စည်းပေးသွင်းသူများ၏ ပွင့်လင်းမြင်သာရှိမှု၊ သဘာဝပတ်ဝန်းကျင်နှင့်
လူမှုဝန်းကျင်ရေရှည်ရပ်တည်နိုင်စေမှုနှင့်ပတ်သက်သည့် လက်တွေ့လုပ်ဆောင်မှုများ
အဆက်မပြတ်တိုးတက်မှုရှိလာစေရန်အလို့ငှာ ၄င်းတို့အတွက် မပျက်မကွက်လိုက်နာရမည့် လိုအပ်ချက်များကို
သိရှိစေရန် ရည်ရွယ်ထားသည်။

ဝန်ထမ်းရေးရာ

2.1 OVSသို့ပစ္စည်းပေးသွင်းသူများအနေဖြင့်ဝန်ထမ်းခန့်အပ်ရာတွင်နိုင်ငံတကာအလုပ်သမားရေးရာအဖွဲ့ညီလာခံ သဘောတူညီချက်အမှတ် (၁၃၈) နှင့် (၁၈၂) နှင့်အညီ ပြည်တွင်းဥပဒေတွင် ပြဋ္ဌာန်းထားသော အလုပ်သမားခန့်အပ်ရန် အနိမ့်ဆုံးအသက်သတ်မှတ်ချက်နှင့် ပြည့်မီသူများကိုသာ ခန့်အပ်ရမည်။

2.2 ဥပဒေအရအကျုံးဝင်သည့်အနိမ့်ဆုံးအသက်နှင့်အသက် ၁၈ နှစ်အတွင်းရှိ သက်ငယ်လုပ်သားများကို မှတ်တမ်းတစ်ခုတွင် သီးသန့်ဖော်ပြထားရမည်ဖြစ်ပြီး အဆိုပါလူငယ်များကို အန္တရာယ်များသည့် အလုပ်များ၊ အချိန်ပိုဆင်းရသည့် အလုပ်များ သို့မဟုတ် ညပိုင်းဆင်းရသည့်အလုပ်များတွင် ခန့်အပ်ထားခြင်းမရှိစေရ။ လုပ်ငန်းခွင်ဆောင့်ရွက်ချက်များသည် အဆိုပါသက်ငယ်လုပ်သားများ၏ ပညာရေး သို့မဟုတ် ကျန်းမာရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ အကျင့်စာရိတ္တနှင့် လူမှုရေးရာဖွံ့ဖြိုးတိုးတက်မှုများ အပေါ် ဟန့်တားစွက်ဖက်ခြင်းမျိုး မဖြစ်စေရ။

3.1 OVSသို့ကုန်ပစ္စည်းပေးသွင်းသူများသည်မည်သို့သောအလုပ်အဓမ္မစေခိုင်းမှုများကိုတိုက်ရိုက်ဖြစ်စေသွယ်ဝိုက်၍ဖြစ်စေအသုံးပြုခြင်းမရှိစေရ။၄င်းစေခိုင်းမှုများတွင်ခြိမ်းခြောက်၍ခိုင်းစေခြင်း၊သဘောဆန္ဒမပါသည့်အကျဉ်းသားများကိုအသုံးပြုခြင်း၊ Sumangali လုပ်ရပ်ဟုဆိုရမည့် ကလေးလုပ်သားများအသုံးပြုခြင်းနှင့်ရရန်ရှိသည့်ကြွေးမြီများကိုလုပ်အားဖြင့်ခန့်မ်စေခိုင်းခြင်းတို့ကို အထူးတားမြစ်ထားသည်။

3.6 အလုပ်သမားတို့၏ကိုယ်ရေးအချက်အလက်စာရွက်စာတမ်းများကိုအလုပ်ရှင်မှ သိမ်းဆည်းမထားရ။

4.3 အထူးသဖြင့်အမျိုးသမီးများနှင့်ပတ်သက်၍ကိုယ်ဝန်ဆောင်ထားပုံရသည့်မည်သူ့ကိုမဆိုခွဲခြားဆက်ဆံခြင်း (ကိုယ်ဝန်ဆေးစစ်ချက် တောင်းဆိုခြင်းနှင့်၊ သို့မဟုတ် အလုပ်ငှားရမ်းစဉ်ကာလနှင့်၊ သို့မဟုတ် အလုပ်ခန့်အပ်ထားသည့်ကာလအတွင်း စိတ်ပိုင်းဆိုင်ရာ ဖိအားပေးမှု စသည်) ကို တားမြစ်ထားသည်။

5.1 OVSသို့ကုန်ပစ္စည်းပေးသွင်းသူများအနေဖြင့်၄င်းတို့၏အလုပ်သမားများကိုလုပ်ငန်းလည်ပတ်နေသည့်နိုင်ငံအတွင်းရှိတရားဝင်အသိအမှတ်ပြုထားသည့်အလုပ်ရှင်နှင့်သမဂ္ဂများကြားအလုပ်သမားစာချုပ်ဆိုင်ရာ စုပေါင်းသဘောတူညီချက် (CBA) များတွင် ပါဝင်ခွင့်ရရှိရန်နှင့် အလုပ်သမားများစိတ်ကြိုက်ရွေးချယ်ထားသည့် မည်သည့်အလုပ်သမားသမဂ္ဂ သို့မဟုတ် အသင်းအဖွဲ့ကို မဆိုပူးပေါင်းပါဝင်ခွင့်ရရှိရန် အာမခံပေးရမည်။

6.3 OVSသို့ကုန်ပစ္စည်းပေးသွင်းသူများသည်အလုပ်သမားများကိုသတ်မှတ်လုပ်ခလစာနှင့်အချိန်ပိုလုပ်အားခများကိုပြည်တွင်းဥပဒေများသတ်မှတ်ဖော်ပြထားသည့်စုပေါင်းညှိနှိုင်းသဘောတူညီချက်နှင့်အညီ အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးသွားရမည်။ အလုပ်သမားများအားလုံးသည် ရှင်းလင်းစွာဖော်ပြထားသည့် လစာဖြတ်ပိုင်းများကို ရရှိရမည်။

6.5 အချိန်ပိုလုပ်ကိုင်ခြင်းကို အများသဘောဆန္ဒအရ ဆောင်ရွက်ရမည်ဖြစ်ပြီး ပုံမှန်လုပ်ခထက်ပိုသည့် လုပ်အားခကို ပေးအပ်ရမည်ဖြစ်သည်။ ဝန်ထမ်းများသည် ၇ ရက်ပြည့်သည့်အချိန်တိုင်း အနည်းဆုံး ၂၄ နာရီဆက်တိုက် အနားယူခွင့်ရှိသည်။

7.2 အလုပ်သမားများအားလုံးအတွက်လုပ်ငန်းခွင်သည်ကျန်းမာရေးနှင့်ညီညွတ်ပြီးဘေးကင်းစိတ်ချရသည့်နေရာဖြစ်ရမည်၊ လုပ်ငန်းခွင်ပတ်ဝန်းကျင်သည် တစ်နှစ်တာရာသီအမျိုးမျိုးအတွက် လုံလောက်သည့် အပူချိန်နှင့်လေဝင်လေထွက်ကောင်းမွန်ရမည်။အလုပ်ချိန်နာရီများအားလုံးတွင်လုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်းများအတွက်လုံလောက်သည့်အလင်းရောင်ရှိရမည်။မိလ္လာစနစ်များသည်သန့်ရှင်းရမည်ဖြစ်ပြီး လက်ရှိအလုပ်သမားဦးရေအတွက် လုံလောက်မှုရှိရမည်၊ ထို့အပြင် အမျိုးသားနှင့် အမျိုးသမီးဟူ၍ သီးခြားစီခွဲထားရမည်။ ကျိုးကြောင်းမဆီလျော်သည့် တားမြစ်ချက်များ မထုတ်ဘဲ အထက်ပါအချက်ကို အလုပ်သမားများ အသုံးပြုခွင့်ရှိရမည်။

7.9 OVSသို့ကုန်ပစ္စည်းပေးသွင်းသူများသည်ပြည်တွင်းဥပဒေများနှင့်လုပ်ငန်းပိုင်းဆိုင်ရာစံသတ်မှတ်ချက်များနှင့်အညီ အလုပ်သမားများအတွက် လိုအပ်သည့် တစ်ကိုယ်ရည်သုံး ကာကွယ်ရေးပစ္စည်းများကို ပံ့ပိုးပေးရမည်ဖြစ်ပြီးကုန်ကျစရိတ်ကိုအလုပ်သမားထံကောက်ခံခြင်းမရှိစေရ။အလုပ်သမားများအားလုံးသည် အလုပ်ချိန်အတွင်း သတ်မှတ်ပြဋ္ဌာန်းထားသည့် ကာကွယ်ရေးပစ္စည်းများကို အသုံးပြုရမည်။

7.11 လုပ်ငန်းခွင်အတွင်းအလုပ်သမားများမတော်တဆထိခိုက်မှုများမှကာကွယ်ပေးထားသည့်ပြည်သူ့လုံခြုံရေးအဖွဲ့အစည်းရှိသည့်နိုင်ငံများတွင်ကုန်ပစ္စည်းပေးသွင်းသူသည်အလုပ်ချိန်အတွင်း ဖြစ်ပွားသည့် မည်သည့်မတော်တဆထိခိုက်မှုအတွက် ဆေးကုသကုန်ကျစရိတ် ပေးချေရမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်

9.1 OVSသို့ကုန်ပစ္စည်းပေးသွင်းသူများသည်၄င်းတို့လုပ်ငန်းလည်ပတ်နေသည့်နိုင်ငံရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများကိုလိုက်နာကျင့်သုံးရမည်။

10.3 ဓာတုပစ္စည်းများသိုလှောင်ထားသည့်ပစ္စည်းများကို သတိပေးချက်စာတန်းကပ်ထားရမည်ဖြစ်ပြီး ၄င်းနှင့်အတူ အသုံးပြုရန် ရှင်းလင်းသည့် ညွှန်ကြားချက်များနှင့် အချက်အလက်များပါသည့် စာရွက်လည်း ပါရှိရမည်။ ဓာတုပစ္စည်းများ ယိုဖိတ်မှုမရှိစေရန်အတွက် အဆိုပါသိုလှောင်ပစ္စည်းများကို ကောင်းမွန်စွာထိန်းသိမ်းထားရှိ ရမှာဖြစ်ပြီး မတော်တဆထိခိုက်ပျက်စီးမှုများမှ ကာကွယ်ရန် အတားအဆီးများဖြင့်ကာကွယ်ထားသင့်သည်။အဆိုပါပစ္စည်းများကိုကိုင်တွယ်သုံးစွဲခွင့်ရထားသူများသည် ၄င်းတို့ကို ကောင်းမွန်စွာသုံးစွဲတတ်စေရန် အခါအားလျော်စွာ လေ့ကျင့်ပေးထားရမည်ဖြစ်သည်။

လိုက်နာမှုရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း

11.2 အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများကို ကိုင်တွယ်ရသည့် အလုပ်သမားများသည် အဆိုပါအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းနှင့်စပ်လျဉ်းသည့်အန္တရာယ်အခြေအနေများကို နားလည်သဘောပေါက်ထားရန် လိုအပ်ပြီး သင့်တော်မှုမရှိသည့်စီမံခန့်ခွဲမှုကြောင့်ဖြစ်လာသည့်ထိခိုက်ပျက်စီးမှုများသည့်၄င်းတို့ကိုယ်တိုင်အတွက်နှင့် ပတ်ဝန်းကျင်အတွက်ပါ မကျရောက်စေရန် ကာကွယ်ရမည်။

17.1 ကုန်ပစ္စည်းပေးသွင်းသူများသည် မည်သည့်အကျင့်ပျက်ခြစားမှု၊ ခြိမ်းခြောက်ငွေညှစ်မှု သို့မဟုတ် အလွဲသုံးစားလုပ်မှုအမျိုးမျိုးကိုမဆို ကျင့်သုံးခြင်း သို့မဟုတ် သည်းခံခွင့်လွှတ်ပေးခြင်း မပြုလုပ်ရ။ ၄င်းတို့၏စီးပွားဖက်များထံမှတရားမဝင်မက်လုံးများလက်ခံခြင်း သို့မဟုတ် ၄င်းတို့မှ ကမ်းလှမ်းခြင်းမျိုး မပြုလုပ်ရ။OVSသို့ကုန်ပစ္စည်းပေးသွင်းသူများသည် လုပ်ငန်းခွင်အတွင်း သဲသဲမဲမဲဖွယ်မှုမမှန်ခြင်းများ သို့မဟုတ်တရားမဝင်လှုပ်ရှားနိုင်ခြေများကို သတင်းပေးပို့နိုင်ရန်အတွက် လိုအပ်သည့် နည်းလမ်းများကို ဝန်ထမ်းများကို ပံ့ပိုးပေးထားရမည်။

20.2 ကုန်ပစ္စည်းပေးသွင်းသူတစ်ဦးဦးသည်အထက်ပါသတ်မှတ်ချက်များမှတစ်ချက်ချက်ကို လိုက်နာခြင်းမရှိလျှင် sustainability@ovs.it. သို့ အီးမေးလ်ပေးပို့၍ တိုင်ကြားနိုင်သည်။ OVS သည် တိုင်ကြားမှုများအားလုံးကိုပွင့်လင်းမြင်သာမှုအပြည့်ဖြင့်လေးလေးနက်နက် လက်ခံပေးသွားမည်ဖြစ်ပြီး ပြည်တွင်းNGOများနှင့်အတူအဆိုပါသတ်မှတ်ချက်ကိုဖောက်ဖျက်မှုတိုင်းကိုစစ်ဆေးအတည်ပြုသွားမှာဖြစ်ပြီးဖော်ထုတ်ရရှိသည့်ဖောက်ဖျက်မှုများအတွက်သင့်တော်သလိုအရေးယူဆောင်ရွက်မှုများပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။ရရှိထားသည့်သတင်းအချက်အလက်များနှင့်သတင်းပေးပို့သူ၏အချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်သည်။

For more information visit **wecare.ovscorporate.it/en/**

Use the QR Code to download the full version of the Code of Conduct

OVS | #wecare